
မင်းမြတ်သူရ
ဆားပုလင်းမင်းအောင်
နှင့်
ပုလဲခင်
THEIN ZAN

# သိုက်နန်းရှင်မ

တစ်နေ့သ၌ မြန်မာပြည်အထက်ပိုင်းရှိ ရွာကြီး တစ်ရွာတွင် အလှူကြီးတစ်ခုကို ပြုလုပ်ရန် ပြင်ဆင်နေသဖြင့် တစ်ရွာလုံး လှုပ်လှုပ်ရွရွရှိလှလေ၏ ။ အလှူရှင်မှာ မောင်ရပ်ချောနှင့် မခင်မေဟူ သည့် လယ်သမားဇနီးမောင်နှံ ဖြစ်ပြီး ၎င်းတို့၏ သားလှရတနာလေး မောင်မိုးသီးကို ရှင်ပြုအလှူ တော်မင်္ဂလာပွဲ ကျင်းပစေရန် ပြင်ဆင်နေခြင်းဖြစ်၏ ။

အလှူရှင် မောင်ရပ်ချောသည် လယ်သမားဖြစ်သော်လည်း ရွာထဲတွင် အတော်အတန်ပြေ လည်သူဖြစ်သဖြင့် အလှူကြီးမှာ ထိုက်သင့်သလောက် ကြီး၍ ကျယ်လှပေသည်။

အလှူကြီးသို့ ရွာခံများသာကမ အနီးအနားရွာများမှ မောင်ရပ်ချောနှင့် မခင်မေတို့၏ ဆွေမျိုးများလည်း လာရောက်ကြမည်ဖြစ်သည်။

ထို့ကြောင့်ပင် ရွာခံလူများူသည် အလှူကြီးမကျင်းပမီ လွန်စွာအလုပ်များ၍ နေကြပေ၏ ။ ပေသီး ခေါင်းဆောင်သော ကာလသားအဖွဲ့သည် မြို့ပေါ်သို့တက်၍ ၎င်းတို့လွန်စွာနှစ်သက်လှ သော လောစပီကာကြီးကို ငှားရမ်းလေ၏ ။

အလှကြိုက်သော ရွာသူမိန်းကလေးများက ပေသီးတို့ လူစုအား စူရတီလုံချည်၊ ပဒုမ္မာအကျႌ၊ ရှန်လုံချည်၊ စွန်လည်ပုံမျက်နှာချေမှုန့် စသည်တို့ကို မှာကြားကြကုန်၏ ။ ဤသို့ မှာကြား ရင်း မယ်သင်ဆိုသော မိန်းကလေးက..

“ဟ .. ပေသီး.. ငါမှာလိုက်တဲ့ စွန်လည်ပုံ မျက်နှာချေမှုန့် ပါမလာရင် ရွာကို ပြန်မလာနဲ့ တော့”

ဟု ပေသီးကို နောက်ပြောင်လေရာ ပေသီးက မျက်နှာတည်တည်ထားပြီး..

“အေး .. အေး.. ပြန်မလာဘူး။ နင်သာ ကလေးတွေဂရုစိုက် အမေ့ကိုလည်း ဂရုစိုက်ဖို့ မမေ့နဲ့နော်”

ဟု အပျိုလေး မယ်သင်ကို အသားယူ၍ ပြောလိုက်လေရာ ရွာသူကလေးများက ဝါးခနဲ ရယ်မောလိုက်ကြလေ၏ ။ မယ်သင်းက..

“သေချင်းဆိုး ပေသီး”

ဟု ပြောလိုက်ပြန်ရာ သာလှဆိုသော ကာလသားကတစ်ယောက်..

“မေတ္တာထားတယ်လား”

ဟု ဝင်ရောက်နောက်ပြောင်လိုက်ရာ နှုတ်သွက်သော မယ်သင်းက..

“နင့်နှမနဲ့ ပေးစားလိုက်”

ဟု ကက်ကက်လန်အောင် ပြန်၍ ရန်တွေ့လိုက်လေ၏ ။ ရွာသူကြီးခေါင်းဆောင်သော လူကြီးအဖွဲ့ သက်န်းပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းများ ဝယ်ယူရန်မြို့သို့ ထွက်ခွာသွားကြပြီ ဖြစ်၏ ။

ရွာတွင် ကျန်ရစ်သော ကာလသားများသည် ဘုံ၊ ပြာသာဒ်၊ မုခ်တို့ဖြင့် အဆန်းတကြယ် စီမံ ထးသော မဏ္ဍပ်ကြီးတစ်ခုကို ကြိုးစားပမ်းစား ဆောက်လုပ်လေ၏ ။

မဏ္ဍပ်ဆောက်လုပ်ကြရင်း လွန်စွာပါဝါပြချင်သော သူကြီးသား ဘဦးနှင့် လွန်စွာ အငြင်းသန်းသောချက်ကြီးဆိုသူသည် မဏ္ဍပ် ကို ဟိုလိုဆောက် သည်လိုဆောက်မည်ဟု ငြင်းခုန်ကာ ရန်ဖြစ်ကြကုန်၏ ။

ရှင်ပြုအလှူတွင် ဒံပေါက်ထမင်းနှင့် ကြက်သားဟင်းကို ကျွေးမွေးမည်ဖြစ်လေရာ ဒံပေါက် ချက်တတ်သော မြို့မှ ကုလားများသည် လှည်းကြီးများဖြင့် ရွာထဲသို့ ဝင်ရောက်လာလေ၏ ။ ကလေးများနှင့် ခွေးများသည် ကုလားများကို မမြင်ဖူးသည့်အလား လှည်းနောက်မှ တကာက် ကောက်လိုက်ကုန်၏

။

ကုလားများသည် မောင်ရုပ်ချော၏ အိမ်ထဲတွင် ဒံပေါက်ချက်ရန် မြေကျင်းကြီးတစ်ခုကို စတင်တူးလေ၏။ ဒံပေါက်ချက်ခြင်းကို မမြင်ဖူးသော ရွာသူရွာသားများသည် ဝိုင်းဝန်း၍ ကြည့်ရှု ကြကုန်၏။

ထို့နောက် ၎င်းတို့ပါးစပ်များကို အငြိမ်မနေဘဲ အမျိုးမျိုး အဖုံဖုံ ဆရာလုပ်လေ၏။ ဒေါ်ဘုမဆိုသော မိန်းမကြီးက..

"မောင်ရုပ်ချောတို့ကတော့ ကြားကြားဖူးပေါင်တော်၊ ဒံပေါက်နဲ့ ထည့်ကျွေးမယ့် ထမင်းများး မြို့က ကုလားတွေကို ခေါ်ချက်ခိုင်းရတယ်လို့"

ဟုဆိုလိုက်ရာ ရွာသူရွာသားများသည် ဝါးခနဲ ရယ်မောလိုက်ကြ၏။ ကုလားများသည် ရွာသူရွာသားများ၏ စကားကိုမကြားဟန်ပြု၍ မီးပြင်းပြင်းထိုးထားသော ဒယ်အိုးကြီးထဲသို့ ထောပတ်များကို ထည့်လေ၏။ ထိုစဉ် ဆေးတစ်ဆုံကိုသာ ဖော်တတ်သော ဆေးဆာ ဦးစိန်ခိုရောက်လာပြီး...

"ကိုရွှေကုလားတွေ ဒယ်အိုးအိုးထဲကို တောပတ်တွေဒီလောက်ထည့်နေရအောင် မင်းတို့ကြီးတော် မင်္ဂလာဆောင်အောက်မေ့လို့လား၊ အဆီအဆနိမ့်တွေစားပြီး တစ်ရွာလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

ဟု ဘုမသိ ဘမသိဖြင့် လာရောက်၍ ဆရာလုပ်လေ၏။ လွှန်စွာဝက်သားကြိုက် ကာလ သား ခေါင်း ကိုပွကြီးဆိုသူသည် ကုလားများ၏ အနားသို့လာ၍ ..

"ဒံပေါက်နဲ့ ဝက်သားနဲ့ချက်ရင် ကောင်းမယ်"

ဟုဆရာလုပ်လေရာကုလားများသည် လန့်ဖျပ်သွားကြကုန်၏။ ရွာသူရွာသားများလည်း ဝါးခန ရယ်မောကြကုန်၏။

အလှူကြီးသည် စည်ကားသိုက်မြိုက်သည်ဟုဆိုရပေမည်။ အလှူကြီးသို့ အနီးအနားရွာ များမှ မောင်ရပ်ချောတို့၏ ဆွေမျိုးများလာရောက်ကြကုန်၏ ။ ရှင်လောင်းလှည့်သည့်နေသို့ ရောက်သောအခါ ကျောင်းတိုင်ဆရာတော်ထံတွင် ပရိတရားနာ၍ ရေစက်ချအမှုဝေလေ၏ ။

အလှူမဏ္ဍပ်ကြီးထဲတွင်လည်း လူသူကင်းရှင်းသွားလေ၏ ။ ထိုအချိန်၌ မှာပင် မြက်ဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားသော ခရီးသွားတစ်ဦးသည် မဏ္ဍပ်ထဲသို့ ဝင်ရောက်လာသဖြင့် ရွာသူတစ် ဦးက..

“ကြွပါရှင် ကြွပါရှင် ဒီဘက်ဝိုင်းမှာ ထမင်းသုံးဆောင်ပါဦး ဒံပေါက်ထမင်း ကြက်သားဟင်းနဲ့ ဒီပြင်ဟင်းတွေလည်း ရှိပါတယ်”

ဟု ဆိုကာ ထမင်းစားရန် ဖိတ်ခေါ်လေရာ ထိုအခါ ဧည့်သည်ခရီးသွားက..

“ကျုပ်က ဒီအရပ်ကတော့ မဟုတ်ပါဘူး။ ခရီးသွားတစ်ယောက်ပါ။ ဘာပဲဖြစ်ဖြစ် အလှူ မင်္ဂလာပွဲကြီးနဲ့ ကြုံနေမှတော့ ဒါနလေးမြောက်သွားအောင် စားပေးရတာ ပေ့ါဗျာ”

ဟုဆိုကာ လူရှင်းသော မဏ္ဍပ်၏ တစ်နေရာသို့ သွားရောက်ကာ ဒံပေါက်ထမင်းနှင့် ကြက်သားဟင်းကို မြိန်ရှက်စွာ စားသောက်လေ၏ ။ ရွာသူမိန်းကလေးလည်း ခရီးသွားဧည့်သည် ကို ပြင်ဆင်ပေးပြီး တစ်နေရာသို့ သွားရောက်ကာ အခြားသော ရွာသူများနှင့် စကားဖောင်ဖွဲ့နေ လေ၏ ။

ခရီးသွားဧည့်သည် ထမင်းစားသောက်ပြီးသွားသော အခါ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားလေ၏ ။ ထိုသူထွက်ခွာသွားပြီး များမကြာမီတွင် ရွာသူ မိန်းကလေးနှစ်ယောက်သည် ထမင်းဝိုင်းကိုသိမ်းဆည်းရန် အနားသို့ရောက်သောအခါ စားပွဲခုံပေါ် တွင် စားလက်စ ပန်းကန်နှင့်အတူ လွန်စွာလှပသော ယန်းသေတ္တာလေးတစ်လုံးကို တွေ့လိုက်ရ လေ၏ ။

ရှာသူတစ်ဦးက..

“ဟယ်တော် ယွန်းသေတ္တာလေးတစ်လုံးပါလား၊ ခုနကစားပွဲပေါ်မှာ ဘာမှ မရှိပါဘူး။ ဟော အခုတော့ ယွန်းသေတ္တာလေး ရောက်နေတာလဲ၊ ဟိုလူ မေ့ကျန်ခဲ့ပြီနဲ့တူတယ်”

ဟု ရေရွတ်လိုက်ရာ ရှာသူရှာသားအချို့သည် အနီးသို့လာရောက်၍ ယွန်းသေတ္တာလေး ကိုကြည့်ကာ အမျိုးမျိုးထင်ကြေးပေးကြကုန်၏ ။

ဆူဆူညံညံအသံများကြောင့် အလှူရှင် မောင်ရုပ် ချောသည် လာရောက်ကြည့်ရှုလေရာ ယွန်းသေတ္တာလေးကို မြင်လေ၏ ။

ထိုအချိန်တွင်ရွာဦးကျောင်းဆရာတော်သည် ကျောင်းသို့ပြန်ကြွသွားပြီဖြစ်သည်။ မောင်ရုပ် ချောသည် ယွန်းသေတ္တာလေးကိုမြင်သောအခါ သူ၏ မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်ပ သွားပြီး သေတ္တာအနီးသို့ ဒူးထောက်ထိုင်ချလိုက်ကာ..

“နေပါဦးဗျာ ဒီသေတ္တာလေးကို ကျုပ်ကြပါရစေဦး”

ဟု ဆိုကာ အနီးကပ် ကြည့်ရှုလေ၏ ။ သေတ္တာကလေးသည် လွန်စွာလှပ၏ ။ သေတ္တာအဖုံး ကို လှပသော ကနုတ်ပန်းများဖြင့် ဆေးခြယ်သထား၏ ။ သေတ္တာအနီးတွင် ကြေးသော့လေးတစ် ချောင်းကိုလည်းတွေ့လေရာ မောင်ရုပ်ချောက သေတ္တာရှိသော့အပေါက်သို့ထည့်ကာ “ထောက်”ခနဲ ဖွင့်လိုက်လေ၏ ။ သေတ္တာအဖုံးသည် ဖြည်းညင်းစွာ ပွင့်သွား၏ ၊

ရှာသူရှာသား များ သည် တိုးဝှေ့၍ သေတ္တာထဲသို့ ငုံ့ကြည့်လိုက်ကြ၏ ။ သေတ္တာထဲတွင် တစ်စုံတစ်ရာကိုပိုးစဖြင့် အုပ်ဆိုင်းထားပြီး ပိုးစအဖြူပေါ်တွင် အနီရောင်ကြိုးဖြင့် ရေးထိုးထားသော..

# မောင်ရုပ်ချောအတွက် သိုက်နန်းရှင်မရဲ့ လက်ဆောင်

ဟူသော စာကြောင်းကို တွေ့လိုက်ရလေ၏။ မောင်ရုပ်ချောသည် ထိုစာကိုဖတ်၍ ..

"သိုက်နန်းရှင်မဆီကကိုး"

ဟုရေရွတ်ကာ ပိုးစလေးကို ကမန်းကတန်း ဆွဲလှန်လိုက်လေ၏။ ထိုအခါ ပိုးစ အောက် တွင် အရောင်ပြိုးပြိုးပြက်ပြက်တွေ့လိုက်ရလေ၏။ ရွာသူရွာသားများသည် ရွှေဒင်္ဂါးများကို ကြည့်၍ လွန်စွာအံ့ဩသွားပြီး..

"မောင်ရုပ်ချော ဒီသေတ္တာဟာ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်လဲ သိုက်နန်းရှင်မဆိုတာ ဘယ်သူလဲ ဘာဖြစ်လို့ သိုက်နန်းရှင်မက မင်းကို ဒီလောက်များတဲ့ ရွှေဒင်္ဂါးတွေကို ပေးရတာ လဲ"

ဟု မေးမြန်းကြကုန်၏။

ရွာသူရွာသားများနှင့်အတူ အနားသို့ ရောက်လာသော မောင်ရုပ် ချော၏ ဇနီး မခင်မေ ကလည်း မေးမြန်းလေ၏။

မောင်ရုပ်ချောသည် အားလုံး၏ အမေးကိုမဖြေဘဲ ရွှေဒါးများကို လက်ဖဝါးနှစ်ဖက်ဖြင့် အားပါးတရဆုပ်ကိုင်ကာ တရှုံ့ရှုံ့နမ်းလေ၏။ ခဏကြာမှသာ..

" သိုက်နန်းရှင်မဆိုတာ သိုက်နန်းရှင်မပေါ့ဗျာ၊ ခင်ဗျားတို့ ဘာလို့ သူတစ်ပါးအကြောင်းကို စပ်စုချင်ရတာ လဲ။ သိုက်နန်းရှင်သမီးကို ကျုပ်အတွက် ရွှေဒင်္ဂါးတွေ လက်ဆောင်ပေးလိုက်ပြီ။ ကျုပ် မဆင်းရဲတော့ဘူး။ ကျုပ်တို့

သူဌေးဖြစ်ပြီ။ ဒီနေ့ကစပြီးကျုပ်ကို သူဌေးကြီးမောင်ရုပ်ချောလို့ ခေါ်ပေတော့”

ဟု ဂမ်းသာအားရပြောဆိုလိုက်လေတော့၏ ။ ထိုနေ့ မှစ၍ ညောင်ပင်သာရွာကလေး၏ ပါး စပ်ရာဇဝင်တွင် မောင်ရုပ်ချောတစ်ယောက် ဥစ္စာစောင့်မပေးသော ရွှေဒင်္ဂါးများရရှိသွားသည်ဟု သတင်းထွက်ခဲ့လေတော့သတည်း။

*****

ပျံလွှားငှက်ကလေး

နယ်မြို့ကလေးတစ်မြို့၏ မြို့ပြင်တစ်နေရာတွင်ရှိသော သရက်ခြံကြီးအတွင်းတွင် ပင်နီ တိုက်ပုံနှင့် ပုဆိုးတိုတိုကို ဖိုးရိုးဖားရားဝတ်ဆင်ထားသော လူတစ်ဦးနှင့် ချောမောလှပသော မိန်းမပျိုလေးတစ်ယောက်သည် သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်နေကြလေ၏ ။ မိန်းမပျိုသည် မျက်နှာသည် တစ်စုံတစ်ရာကို တွေးတော၍ စိုးရိမ်နေဟန်ရှိပေ၏ ။ စာသမားဟန်ပေါက်နေသော လူငယ်ကမူ မိန်းမပျိုကိုကြည့်၍ ..

မပြုမပြင် ပင်ကိုယ်လှ ယဉ်ဆိုသမျှ၊ ယဉ်ထက်ထက်ယဉ်၊ ယဉ်မျိုးစုတဲ့ ကြော့သူခင်ရယ်”

ဟု စာသံ ပေသံပါပါပဖြင့် ခေါ်လိုက်ရာ ကြော့သူခင်ဆိုသော မိန်းမပျိုက မျက်နှာရှုံ့မဲ့ သွားပြီး..

‘ရှင် ဘာတွေ အရူးထနေတာလဲကိုလူလှ၊ ကျွန်မတို့ ဘဝမှာ ဒီလောက်အရေးကြီးနေတဲ့ အချိန်မှာ စာတွေ ပေတွေပဲ ရွတ်နေတောမှာလား။ ရှင် ကျွန်မကို မေတ္တာစစ်၊ မေတ္တာမှန်နဲ့ပ မချစ် ဘူးလား”

ဟုဆိုလိုက်ရာ လူငယ်က..

“ချစ်တာပေါ့ခင်ရယ်၊ ချစ်သမျှကို မြင်းမိုရ်တောင်လုံးသာပလေ၊ လေးဆူဒီပါ၊ သီတာ ဂေမြေဆုံးစေတော့လေး၊ အို.. ဘယ်မမှန်းပါတော့နိုင်” ဆိုသလို မောင့်အချစ် မောင့်မေတ္တာဟာ မြင်းမိုရ်တောင်ထက်သာပါတယ် ခင်ရယ် ပြီးတောလေ”

ဟုဆိုပြန်လေရာ မိန်းမပျိုက စိတ်မရှည်နိုင်တော့၍ စကားဖြတ်ကာ

“ဒီမှာကိုလူလှ မြင်းမိုရ်တောင်ထက်သာတာတွေ မသာတာတွေ ကျွန်မ နားမလည်ဘူး။ မနက်ဖြန်ဆို ရှင်နဲ့ ကျွန်မ ခွဲရတော့မယ် ဖေဖေက ကျွန်မကို

စက်သူဌေး ကိုညဏ်ဝင်းနဲ့ နေရာထ ထားပေးတော့မယ် ရှင်သိရဲ့လား”

“သည်ခေတ်တွင် သည်ကာလ၊ ငွေစတဲ့ရွှေ့ဆောင် မွဲရင်ဖြင့် လူ့ဘောင်မှာ ခွေးတောင်မှ မလေး”တဲ့ ခင်ရဲ့ အရာရာကို ငွေကဦးဆောင်နေတဲ့ ခေတ်ကြီးမှာ မောင့်လိုလူ မျက်နှာမွဲနဲ့ ခင့်ဖခင် ကြီးက သဘောမတူတာ မဆန်းပါဘူးကွယ်”

ဟု စာသံပေသံပါပါဖြင့် ဆိုလိုက်ပြန်၏။ မိန်းမပျိုလေးသည် စိတ်ညစ်လွန်းမက စိတ်ညစ် သွားပြီး...

“ကျွန်မတော့ သေသာသေလိုက်ချင်တော့တယ် ကိုလူလှရယ်၊ ရှင်နဲ့တော့ခက်ပါပြီ၊ မချစ်မနှစ်သက်တဲ့ ဓနရှင်ကြီးကိုတော့ မယူနိုင်ဘူး၊ ကျွန်မတို့နှစ်ယောက် အဝေးကို ပြေးကြ ရအောင်ရှင်”

ဟုလူငယ်ကို တိုက်တွန်းလိုက်ပြန်၏။ လူငယ်က...

“ချစ်၍ ခေါ်ရာ လိုက်ချင်ပါသလဲ၊ နော်စာရွှေကုံးတစ်ခိုင်လုံးကို၊ လုံးလုံးမောင်က မပိုင်သေးခဲ့” ဆိုသလို မောင်တို့နှစ်ယောက် ထွက်ပြေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး ခင်ရယ်”

ဟု ဆိုလိုက်ပြန်ရာ မိန်းမပျိုသည် လွန်စွာဒေါသထွက်သွားပြီး လူငယ်၏ ရင်ဘတ်ကို တဒုန်းဒုန်း ထုရိုက်ကာ..

“ဘာလို့ မဖြစ်ရမှာလဲရှင့်၊ ရှင် ယောကျ်ားမဟုတ်ဘူးလား၊ ရှင် သတ္တိမရှိဘူးလား၊ ရှင့်ကို ကျွန်မ အထင်ကြီးပြီး ချစ်မိတာမှားပြီ”

ဟုအော်သောအခါမှပင် လူငယ်က ဝမ်းပန်းတနည်းဖြင့်..

“ဒီမှာ ခင် မောင်နဲ့ခင် ချိန်းတွေ့တာကို ခင် အေ့ဖကြီးသိပါတယ်။ မောင်တို့နှစ်ယောက် နောက်ဆုံးတွေ့ခြင်းဆိုပြီး လွှတ်ပေးထားတာပါ။ မောင်တို့ ထွက်ပြေးလို့လည်း မလွတ်နိုင်ပါ ဘူး။ ဟောဒီသရက်တောကြီးရဲ့ အပြင်ဘက်မှာ ခင့်အဖေရဲ့ လက်မရွံ့လူဆိုးလူမိုက်တွေ မောင်တို့ကို စောင့်ကြည့်နေတယ်”

ဟုပြောလိုက်လေ၏။ ထိုအခါမှပင် မိန်းမပျိုသည် သရက်တောကြီး၏ အပြင်ဘက်သို့ အလန့်တကြား လှမ်းကြည့်လိုက်လေ၏။ သရက်တောကြီးအပြင်ဘက်တွင် ရှမ်းဘောင်းဘီဝတ် ဆင်ထားသော လူဆိုးလူမိုက်သုံးယောက်ခန့်ကို တွေ့လိုက်ရလေ၏။

မိန်းမပျိုသည် အခြေအနေ အရပ်ရပ်ကို နားလည်သဘောပေါက်သွားပြီးလျှင် လူငယ်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝှေ့ဝင်ရောက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့၏။

လူငယ်သည်လည်း မိန်းမပျိုနှင့် ခွဲခွာရမည့် အရေးကိုတွေးကာ ဝမ်းနည်းပူဆွေးနေလေ၏။ မိန်းမပျိုသည် ငိုကြွေးသံသည် တိတ်ဆိတ်ငြိမ်သက်သော သရက်တောကြီးကို လှုပ်ခတ်သွားသည် ဟု ဆိုရပေမည်။ ထိုအခိုက်မှာ ၎င်းတို့၏ ခေါင်းပေါ်မှ..

“ဘာဖြစ်လို့ ဒီလောက်တောင် ငိုကြွေးနေရတာ လဲလကွ ငါ အိပ်နေတာ ဖိမ်မရှိလိုက် တာ”

ဟူသောအသံကိုကြား၍ လူငယ်နှင့် မိန်းမပျိုသည် အလန့်တကြား မော့ကြည့်လိုက်ရာ သစ်ပင်ပေါ်တွင် တရုတ်အဘိုးကြီးတစ်ယောက်ကိုတွေ့လိုက်ရလေ၏။ အဘိုးကြီးသည် ကာကီ အကျႌနှင့် ကာကီဘောင်းဘီကို ဝတ်ဆင်ထားပြီး ဦးထုပ်အုတ်တစ်လုံးကို ခပ်ငိုက်ငိုက် ဆောင်းထား လေ၏။ အဘိုးအိုသည် သစ်ပင်ပေါ်မှ ပေ့ါပါးစွာ တွက်ကပ်၍ ဆင်းလိုက်ပြီး မြေပေါ်သို့ ရောက် သောအခါ..

“ပြောကြပါဦး ကျုပ် ကူညီရတာ ပေ့ါ”

ဟုမေး မြန်းလေရာ လူငယ်က..

“ဒီအရေးက အဘ ကူညီနိုင်မယ် မထင်ပါဘူးဗျာ။ ကျုပ်တို့လူငယ်ချင်း မေတ္တာမျှနေတာကို ကျုပ်ချစ်သူရဲ့ အဖေ သူဌေးကြီးက

ကျုပ်နဲ့သဘောဘာမတူနိုင်ဘူးတဲ့၊ သူနဲ့ ဂုဏ်ရည်တူတဲ့ လူ နဲ့ပေးစားတော့မယ်တဲ့ဗျ၊ ဒါကြောင့် ကျုပ်တို့ ဂမ်နည်းနေကြတာပါ”

ဟု ဆိုလိုက်လေရာ အဘိုးက လွန်စွာ ရွှယ်ရှင်ဖွယ်ကောင်းသော ပြက်လုံး တစ်ခုကို ကြားလိုက်သကဲ့သို့ တဟား ဟား ရယ်မောလိုက်လေ၏။

“ဒါများကွာ ဒီလောက်ဂမ်းနည်းနေရသလားကွ၊ လွယ်လွယ်လေးပါ၊ သဘာဂလောကကြီး မှာ သဘာဂနဲ့ ညီအောင် နေနိုင်ရင် ဘာမှ ခက်တယ်ဆိုတာမရှိဘူးကွ၊ သဘာဂလောကကြီးကို ဆန့်ကျင်ရင်သာ အခက်တွေ့တာ”

ဟုဆိုလိုက်လေရာ လူငယ်က..

“သဘာဂနဲ့ ညီအောင် ဘယ်လိုနေရမှာလဲဗျ”

ဟု မေးမြန်းလေ၏။ တရုတ်အဘိုးကြီးက..

“လောကမှာ လိုချင်တာကို မရရအောင် ယူရတယ်ကွ၊ အဲဒီ လိုနေတာကို သဘာဂနဲ့ ညီအောင်နေတယ်လို့ ခေါ်တယ်”

ဟုဖြေလေ၏။ လူငယ်က..

“တိုက်ခိုက်လို့ မရရင်ရောဗျာ”

ဟု မေးလိုက်ပြန်ရာ တရုတ်အဘိုးကြီးက တဟား ဟား ရယ်၍ ..

“စစ်မရောက်မီ မြားကုန်နေတဲ့ကောင်၊ တိုက်လို့မရရင် အရှုံးခံလိုက်ပေါ့ကွာ၊ လောကကြီးမှာ အားကြီးသူက အားငယ်သူကို နိုင်စမြဲပဲကွ၊ တကယ်တော့ လောကကြီးဟာ ကြီးနိုင်ငယ်ညှဉ်း လောကကြီးပါကွ၊ တောထဲက သတ္တဝါတွေကို ကြည့်ပါလား အားနည်းသူကို အားသာသူက စားစမြဲပဲကွ”

ဟု ဆိုလေရာ မိန်းကလေးက ဝင်၍ .

“ဟုတ်တယ် အစ်ကို၊ ဒီက အဘပြောသလို သဘာဝအတိုင်း နေလိုက်ကြရအောင်”

ဟု လူငယ်ကို တိုက်တွန်းလေ၏ ။ တရုတ်အဘိုးကြီးက တဟားဟားရယ်၍ ..

“ဟား ဟား ဟာ းမိန်းကလေး ဒုံးမဝေးဘူး၊ သဘာဝလောကကြီးနဲ့ နီးစပ်သားပဲ”

ဟု ချီးမွမ်းလိုက်လေ၏ ။ လူငယ်က..

“ကျုပ်တို့နှစ်ယောက် နီးစပ်အောင် ဘယ်လိုလုပ်ရမလဲ အဘရဲ့၊ ရှင်းရှင်းပြောစမ်းပါဗျာ”

ဟု အဘိုးကြီးကို မေးမြန်းလိုက်လေ၏ ။ တရုတ်အဘိုးကြီးက..

“ဒါကို မပူစမ်းပါနဲ့ကွာ ငါ့ တာဝန်ထားစမ်းပါ၊ လောလောဆယ် ဟောဒီသရက်တောကြီး ကို ဒေင်ဥယျာဉ်ကြီးလို့ သဘောထားလိုက်၊ မင်းတို့ချစ်သူနှစ်ယောက်က အာဒံနဲ့ ဧဝပေ့ါကွာ၊ ဘယ်လောက် ကြည်နူးဖို့ကောင်းသလဲ”

ဟုဆိုလိုက်လေရာ လူငယ်က မျက်လုံးပြူးသွားပြီး ..

“သရက်ခြံအပြင်ဘက်က လူဆိုးလူမိုက်တွေကတော့ ကြည်နူးဖို့မကောင်းဘူးဗျ”

“ပူမနေစမ်းပါနဲ့ကွာ မင်းတို့မြို့ထဲမှာ မိသားစု ဘုံကထိန်ပွဲကျင်းပနေတယ် မဟုတ်လား။ နောက်နာရီဝက်အတွင်းမှာ အဲဒီ ဘုံကထိန်လှည့်လာတဲ့အဖွဲ့က ဒီသရက်ခြံရှေ့ကို ရောက်လိမ့် မယ်။ အဲဒီ ကျမှ မင်းတို့ထွက်ပြေးလွတ်မြောက်အောင် ငါ ကြည့်စီစဉ်ပေးမယ်ကွာ လောလော ဆယ်တော့ ခြံထဲက သရက်တောင်းကြီးကို တစ်နေရာ သွားပို့ရမှာပဲ”

ဟုဆိုကာ တရုတ်အဘိုးကြီးသည် ခြင်းကြီး၏ တစ်နေရာတွင်ရှိသော သရက်သီးတောင်းကြီး များကို မြင်းလှည်းပေါ်တင်ကာ ခြံထဲမှ ထွက်ခွာသွားလေ၏။ လမ်းတစ်ဖက်တွင် ချစ်သူနှစ်ဦးကို စောင့်ကြည့်နေသော လူဆိုးလူမိုက်များရှိနေကြ၏။ တရုတ်အဘိုးကြီးသည် မြင်းလှည်းကို လူမိုက် များ၏ မလှမ်းမကမ်းတွင်ရပ်ကာ…

"လူမိုက်တွေ သရက်သီး စားဦးမလား

ဟုဆိုကာ သရက်သီးမှည့်ကြီးများကို လှမ်းပစ်ပေးလေ၏။ လူမိုက်များသည် သရက်သီးများ ကို ဝမ်းသာအားရ ကောက်ယူကြလေ၏။ ထို့နောက် ၎င်းတို့ကိုယ်တွင် ဆောင်ယူလာသော ဓားများ ဖြင့် သရက်သီးများကို အားပါးတရ စားသောက်ကြကုန်၏။

တရုတ်အဘိုးကြီးသည် မြင်းလှည်းဖြင့် ခြံထဲသို့ ဝင်ချည်ထွက်ချည်ပြုကာ သရက်သီး တောင်းများကို သယ်ယူလေ၏။ နောက်တစ်ကြိမ်တွင်မူလည်း လူမိုက်များက..

"ဟေ့လူကြီး သရက်သီး ပေးခဲ့ပါဦးဗျို့"

ဟုဆိုကာ သရက်သီး တောင်းစာပြန်၏။ အဘိုးကြီးက..

"ရမယ်..ရမယ်"

ဟုဆိုကာ သရက်သီးအချို့ကို ပစ်ပေးခဲ့ပြန်၏။ အတန်ကြာသောအခါ မြို့မိသားစု ဘုံကထိန်အဖွဲ့သည် သရက်ခြံကြီးရှေ့သို့ ဘုံကထိန်လှည့်လာလေ၏။ လူမိုက်ကြီးများသည် ဘုံကထိ လှည့်သူများလည်နေသဖြင့် ခြံထဲသို့ မမြင်နိုင်တော့ပေ။

ထိုအခါ တရုတ်အဘိုးကြီးက..

"မင်းတို့နှစ်ယောက် မြင်းလှည်းပေါ်တက် သရက်သီးတောင်းထဲ

မြန်မြန်ဝင်လိုက်ကြ”

ဟု အမိန့်ပေးသဖြင့် လူငယ်နှင့် မိန်းမပျိုသည် မြင်းလှည်းပေါ်ရှိ သရက်သီးတောင်း အလွတ်ကြီးနှစ်တောင်းထဲသို့ ဝင်ထိုင်လိုက်ကြ၏ အဘိုးအိုက ၎င်းတို့၏ ခေါင်းပေါ်သို့ သရက်သီးများနှင့် ဖုံးလွှမ်းလိုက်လေ၏။ ပြီးနောက်တွင်မူ ဘုံကထိန်လှည့်လည်သူများနှင့် ရောနှော၍ မြင်းလှည်းကို မြို့ပြင်သို့ အေးဆေးသက်သာစွာ မောင်းထွက်ခဲ့လေ၏။ အဘိုးအိုသည် လူမိုက်များရှေ့သို့ ရောက်သောအခါ အားရပါးရပြုံး၍ ..

“မရှိတော့ဘူးကွယ့် စောင့်မနဲ့”

ဟု အော်ဟစ်လိုက်လေရာ လူမိုက်များက သရက်သီးကိုပြောသည်ထင်၍ ပြုံးရယ်၍ လက်များ ပြန်ပြကြလေ၏။ မြို့ပြင်သို့ ရောက်သောအခါ အဘိုးအိုသည် မြင်းလှည်းကို ရပ်တန့်၍ လူငယ်နှင့် မိန်းမပျိုအပေါ်တွင် ဖုံးအုပ်ထားသော သရက်သီးများကို ဖယ်ရှာပေးလေ၏။

ကဲ ကဲ တောင်းထဲက ထွက်ခဲ့ကြပေတော့

ဟုဆိုကာ လူငယ်နှင့် မိန်းမပျိုကိုမြင်းလှည်းပေးမှ ဆင်းခိုင်းလေ၏။ လူငယ်က..

“ကျေးဇူးတင်လိုက်တာ အဘရယ်၊ အဘ ကျေးဇူးကို တစ်နေ့နေ့မှာ ဆပ်ဖြစ်အောင် ဆပ်ပါ့မယ်၊ အဘနာမည် ဘယ်သူလဲဟင်”

“ ငါ့ကိုကျေးဇူးတင်စရာမလိုပါဘူးကွာ၊ ငါ့နာမည် သိချင်ရင်တော့ ပြောပြရတာ ပေါ့ ငါဟာ သဘာဝလောကကြီးထဲမှာ ပျံလွှားငှက်လေးတစ်ကောင်လို လေမှာ လင့်နေတယ်။ လေနဲ့အတူ လာပြီး လေနဲ့အတူ သွားတယ်။ ငါ့နာမည်ကိုပျံလွှားငှက်ကလေးလို့ပဲ မှတ်ထားလိုက်ပေတော့။ မင်းတို့ ဇနီးမောင်နှံ ဟော့ဒီကားလမ်းအတိုင်း သွားရင် ဥက္ကံဆိုတဲ့ မြို့ကလေးကို ရောက်လိမ့် မယ်။ ဥက္ကံမြို့ပြင်မှာ ပုညဆိုတဲ့သူရဲ့ ခြံကိုတွေ့လိမ့်မယ်။ ပုညနဲ့တွေ့ရင် ငါက

လွှတ်လိုက်တာ လို့ ပြောပြီး ခဏနေလို့ရတယ်။ လောလောဆယ် ငါ အကူညီပေးနိုင်တာကတော့ ဒါပါပဲ”

ဟုပြောဆိုကာ တရွေ့ရွေ့ထွက်ခွာသွားလေတော့၏ ။ လူငယ်နှင့်မိန်းမပျိုသည် အဘိုးအိုကို ထိုင်ကန်တော့လိုက်လေ၏ ။ ခဏအကြာတွင် လူငယ်စုံတွဲသည် အဝေးပြေးကားတစ်စီးကို တားဆီး ကာ ဥက္ကံမြို့ကလေးသို့ ထွက်ခဲ့လေတော့၏ ။ ဥက္ကံမြို့သို့ရောက်သောအခါ မြို့ပြင်အရပ်ရှိ ပုညဆိုသူ၏ ခြံသို့ရောက်ခဲ့လေ၏ ။

ကိုပုညကို အကျိုးအကြောင်းပြောပြ၍ ထိုခြံကလေးတွင်ပင် လူငယ်နှင့် မိန်းကလေး၏ မင်္ဂလာဦးနေ့ရက်များကို ကုန်လွန်စေခဲ့၏ ။ တစ်လခန့်နေထိုင်ပြီးသောအခါ လူငယ်နှင့် မိန်းကလေး သည် အခြားမြို့တစ်မြို့သို့ ထွက်ခွာသွားကာ ကောင်းရောင်းကောင်းဝယ် အလုပ်များကိုလုပ်ကိုင် စားသောက်ရင်း စားဝတ်နေရေး အဆင်ပြေခဲ့လေ၏ ။

****

# အရှက်အကြောက်ဟူသည်

တစ်နေ့သ၌ ကျွန်ုပ်တို့ စုံထောက်ကျော်တစ်စုသည် အင်းစိန်စီအိုင်ဒီရုံးခန်းအတွင်းတွင် ထိုင်လျက် မိန်းမနှင့် ယောကျ်ားမည်သူက အရှက်အကြောက်ကြီးသနည်းဟူသော အမေးပုစ္ဆာကို အငြင်းအခုန်ပြု၍ နေကြလေ၏။ စုံထောင်ကိုစိန်မြင့်က မိန်းမများသည် အရှက်အကြောက်အရာတွင် ယောကျ်ားများထက် သာလွန်သည်ဟူ၍ ငြင်းခုံပြီး စုံထောက်ကိုတင်လှကမူ ယေကျ်ားများကသာ အရှက်အကြောက်ကြီးသည်ဟု ငြင်းခုန်လေ၏။ ထိုအချိန်မှာပင် စုံထောက်ဦးပေါ်ဦးသည် ဘုမသိ ဘမသိဖြင့် ရုံးခန်းအတွင်းသို့ ဝင်ရောက်လာပြီး..

"ဟော့လူ ..ခင်ဗျားတို့ ဘာတွေငြင်းခုန်နေတာလဲ"

ဟု မေးခွန်းထုတ်လိုက်လေရာ စုံထောက်ကိုစိန်မြင့်က..

"မိန်းမနဲ့ ယောကျ်ား ဘယ်သူက အရှက်အကြောက်ကြီးသလဲဆိုတာ ငြင်းခုန်နေတာဗျ။ မိန်းမဆိုတာ ဣန္ဒြေသိက္ခာနဲ့ အရှက်တရားကို ယောကျ်ာတွေထက် ပိုပြီး စောင့်သိရိုသေကြတယ် ဆိုတာ တစ်လောကလုံးအသိပဲဗျ။ ဒါကို ကိုတင်လှက ယောကျ်ားတွေက အရှက်အကြောက်ကြီး တယ်လို့ ကျုပ်ကို ခံငြင်းနေတယ်ဗျ"

ဟုဖြေလိုက်လိုက်လေရာ စုံထောက်ကြီး ဦးပေါ်ဦးက ..

"ဒါဆိုရင် ကျုပ်က ကိုတင်လှဘက်က ထောက်ခတယ်ဗျို့၊ ဣန္ဒြေသိက္ခာနဲ့ အရှက်တရားမှာ ကျုပ်တို့ယောကျ်ားတွေက မိန်းမတွေထက် သာတယ်လို့ ကျုပ်ယုံတယ်"

စု လက်မထောင်လိုက်လေ၏။ စုံထောက်ကိုတင်လှသည် ဦးပေါ်ဦး၏ စကားကြောင့် လွန်စွာ စိတ်အားတက်သွားပြီး..

“ဟဲ ဟဲ ကိုစိန်မြင့်ရေ ကျုပ်ဘက် မဲတစ်မဲတော့ သာနေပြီနော်၊ ခင်ဗျားရဲ့ အဆိုကိုပြန်ရုပ် သိမ်းလိုက်ပေတော့။ ခင်ဗျားရဲ့ အဆိုက ယုတ္တိမတန်တော့ဘူး။ မိန်းမတွေက အရှက်အကြောက် ပိုကြီးတယ်ဆိုတာ ခင်ဗျား ဘယ်လိုသက်သေပြမလဲ”

ဟု လေသံမာမာဖြင့် ဆိုလိုက်လေရာ စုံထောက်ကိုစိန်မြင့်သည် ဦးပေါ်ဦးအား လွန်စွာ အမြင်ကတ်သွားပြီး..

“ဦးပေါ်ဦးနဲ့ သက်သေပြမယ်ဗျာ”

ဟု အံကြိတ်၍ ပြောဆိုလိုက်လေ၏ ။ ကျွန်ုပ်ကလည်း..

“ဘယ်လို သက်သေပြမှာလဲ ကိုစိန်မြင့်ရဲ့”

ဟု ဝင်ရောက်၍ စကားထောက်လိုက်လေရာ ကိုစိန်မြင့်က

‘ဦးပေါ်ဦး ကြီးဟာ စီအိုင်ဒီရုံးရှေ့က ကာကာကုလားရဲ့ အကြွေးတွေကို မျက်နှာ ပြောင်တိုက်ပြီး မစပ်ဘဲနေတာကို ကြည့်ဗျာ။ ဦးပေါ်ဦးကြီးလောက် အရှက်ကင်းမဲ့တဲ့သူ လောက မှာရှိမယ်မထင်ဘူး။ လခထုတ်တဲ့နေ့တိုင်း ကာကာဆိုင်က ကုလားမမြင်အောင် ရှောင်ပုန်းနေတာ ခင်ဗျားတို့အသိပဲ”

ဟုဆိုလိုက်လေရာ ဦးပေါ်ဦးကြီးသည် မျက်လုံးပြူးသွားလေ၏ ။ ထိုအခါ စုံထောက်ကိုတင် လှက..

“သြော်ခင်ဗျားက ဒီလိုလား ဒီလိုဆိုရင် ကျုပ်ကလည်း ဦးပေါ်ဦး မိန်းမနဲ့ သက်သေပြရ မယ်ဗျာ၊ ဦးပေါ်ဦးမိန်းမဟာ ရပ်ကွက်ထဲမှ လေတစ်လုံးမိုးတစ်လုံးနဲ့ ကြွားဝါနေပြီး သာရေးနာရေး ကိစ္စအတွက် အလှူခံလာပြီဆိုရင် တံခါးပိတ်ပြီး အိမ်ထဲမှာ ပုန်းနေတာကရောဗျာ၊ ဒါကို ကြည့်ခြင်း အားဖြင့် မိန်းမတွေဟာ အရှက်အကြောက်မရှိဘူးဆိုတာ ရှင်းနေပါပြီဗျာ”

ဟုဆိုလိုက်ပြန်လေရာ ဦးပေါ်ဦးကြီးသည် မျက်လုံးမျက်ဆန်ပြူးဖြင့်..

“ဟေ့လူတွေ ခင်ဗျားတို့ ငြင်းခုနေတဲ့ အထဲမှာ ကျုပ်တို့ လင်မယားက ဘာလို့ ပါလာတာ လဲဗျ”

ဟုပြောဆိုလိုက်လေရာ ကျွန်ုပ်တို့ စုံထောက်များအားလုံး ဝါးခနဲ ရယ်မောလိုက်ကြလေ၏။ စုံထောက်ကိုတင်လှကမူ ဦးပေါဦးကြီးကို ကျေနပ်ဟန်မရှိသေးဘဲ..

“ဩော် ခင်ဗျားက ဒီလိုဆိုရင် ဦးပေါဦးကြီး ဆပ်ကျောင်းဆင်းကာစက မန္တလေး က ဈေးချိုု သူတစ်ဦးကို လက်ဆွဲပြီး စကားပြောလို့ ပါးရိုက်ခံလိုက်ရတာ ရောဗျာ”

ဟု ဆိုလိုက်ပြန်ရာ စုံထောက်ကိုတင်လှက..

“ဦးပေါဦးကြီး မိန်းမဟာ အားတဲ့ရက်တွေမှာ အိမ်တကာလည်ပြီး အတင်းပြောပြီး ပုဇွန်တောင်ဈေး တစ်ဈေးလုံး လှည့်ပတ်ပြီး အကြွေးယူနေတာကရောဗျာ”

ဟုဆိုလိုက်ပြန်၏ ။စုံထောက်ကိုစိန်မြင့်က..

“ဦးပေါဦးကြီးဟာ ညနေစောင်းတာနဲ့ ကန်တော်ကြီးစောင်းတစ်လျှောက် ကားနဲ့ လှည့်ပတ် ပြီး မိန်းမပျိုလေးတွေကို နှမချင်း မစာနာဘဲ နောက်ပြောင်နေတာကရောဗျာ”

ဟု ဆိုလိုက်ပြန်ရာ ဦးပေါဦးက..

“ဟေ့လူတွေ တော်ပါတော့ဗျ”

ဟု အလန့်တကြားနှင့် ဝင်ရောက်တားဆီးသောအခါမှပင် စုံထောက်ကိုစိန်မြင့်တို့လူစုသည် ငြင်းခုန်ခြင်းကို ရပ်စဲလိုက်လေ၏ ။ သို့သော် ကျွန်ုပ်က အငြိမ်မနေနိုင်သေးဘဲ

“တော်တာကတော့ ဟုတ်ပါပြီဗျာ။ မိန်းမနဲ့ ယောကျ်ား ဘယ်သူက

အရှက်အကြောက်ကြီး သလဲ”

ဟုမေးမြန်းလိုက်လေ၏။ ထိုအခိုက်မှာပင်..

“ဘယ်သူမှ မကြီးဘူး။ အတူတူပဲဗျ”

ဟူသည့် သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်အားကောင်းသောအသံကို ကြားလိုက်ရလေ၏။ ထိုအသံကြောင့် ကျွန်ုပ်၏ ခေါင်းကို ငဲ့စောင်းကြည့်လိုက်သောအခါ မြောက်ပြင်လုံချည်၊ ဗလေဇာ ကုတ်အကျႌနှင့် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသော ကျွန်ုပ်၏ မိတ်ဆွေကြီးဆားပု လင်းမင်းအောင်ကို တွေ့လိုက်ရလေ၏။ ဦးပေါ်ဦးက..

“ရှင်းစမ်းပါဦး ဆားပုလင်းမင်းအောင်ရယ်၊ခင်ဗျား ဝင်မရှင်းရင်တော့ ကျုပ်တို့လင်မယား ဒီလူတွေပြောတာနဲ့ ရစရာရှိမှာမဟုတ်တော့ဘူး”

ဟုပြောဆိုလိုက်လေရာ ကျွန်ုပ်တို့ စုံထောက်ကျော် များအားလုံး ဝါးခနဲ ရယ်မောလိုက်ကြ ၏။ ကိုမင်းအောင်က..

‘ရှင်းပါမယ်ဗျာ၊ ရှင်းပါမယ်၊ တကယ်တော့ မိန်းမတွေအားလုံးရဲ့အရှက်ဟာ ယောက်ျားတွေ ထက် မပိုဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ မိန်းမတွေဟာ အသံကျယ်တာရယ်၊ ရပ်ကျော်ရွာကျော် ရန်ဖြစ်တာရယ်၊ ခုနစ်အိမ်ကြားဆဲဆိုတာကိုကြည့်ပြီး သိနိုင်ပါတယ်ဗျာ၊ မိန်းမတွေ ဟာ အမှန်တကယ်ကို လိုအပ်လာပြီဆိုရင် အရှက်ဆိုတာလည်း မရှိဘူး။ အကြောက်ဆိုတာလည်း မရှိဘူး။ မျက်နှာပြောင်တိုက်ပြီး ပြောင်ပြောင်ကြီး နေလိုက်တယ်။ ဒါကြောင့်အရှက်အကြောက် အရာမှာ ယောက်ျားနဲ့ မိန်းမ ဘယ်သူမှ မပိုဘူး။ အရှက်နည်းတဲ့သူ ယောက်ျားက နည်းတယ်။ အရှက်များတဲ့မိန်းမက များမှာပဲ၊ မိန်းမတွေဟာ ယောက်ျားတွေထက် အရှက်ကြီးတယ်ဆိုရင် ပြည့်တန်ဆာအလုပ်ကို လုပ်နိုင်ကြမှာမဟုတ်ဘူး။ မိန်းမတွေရဲ့ ဣန္ဒြေသိက္ခာနဲ့ အရှက်ဆိုတာ ဟန်ပဲဗျ။

ဒါပေမဲ့ မိန်းမတွေအတွက် သဘာဝလောကကြီးကပေးတဲ့ လက်ဆောင်တစ်ခုရှိတယ်။ အဲဒါကတော့ မိခင်စိတ်ပဲ။ အဲဒီ စိတ်ကြောင့် ကြင်နာသနားတတ်ခြင်းဆိုတဲ့ အရာမှာတော့ ကျုပ်တို့ ယောကျ်ားတွေထက် မိန်းမတွေက သာတယ်ဗျ”

ဟု ဆားပုလင်းမင်းအောင်၏ စကားဆုံးသောအခါ ကိုစိန်မြင့်တို့ လူစုမှလွဲ၍ ကျွန်ုပ်တို့ အားလုံး လက်ခုပ်လက်ဝါးတီး၍ ထောက်ခံလိုက်လေ၏ ။ စုံထောက် ဦးပေါ်ဦးကြီးက..

“ဒီနေ့ ညစာကို မအူကုန်းလမ်းကျယ်က ချစ်တီးထမင်းဆိုင်မှာ ကျုပ် ကျွေးမယ်ဗျို့”

ဟုကြွေးကြော်လိုက်လေ၏ ။

****